# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ရှရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အမှတ် ၂၂-၂/၂၀၁၇ (No.22-II/2017) အကြောင်း လေ့လာတင်ပြခြင်း


တင်ပြသူ

ဦးကျော်ဇေယျ
ညွှန်ကြားရေးမှူး
တရားစီရင်ရေးဌာန

ဒေါ်ကေဇင်ကျော်
ဒုတိယဦးစီးမှူး
သုတေသနနှင့်လေ့ကျင့်ဌာနခွဲ



၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် နေပြည်တော်

**ရှရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏**

**စီရင်ချက်အမှတ် ၂၂-၂/၂၀၁၇ (No.22–II/2017) အကြောင်း လေ့လာတင်ပြခြင်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ – ၃ |
| ၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ | ၃ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး | ၄ |
| ၄။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံနှင့်စီရင်ပိုင်ခွင့် | ၄ |
| ၅။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့် | ၅ - ၆ |
| ၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းနိုင်သူများ | ၆ - ၇ |
| ၇။ | အမှုတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၇ - ၉ |
| ၈။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် | ၉ |
| ၉။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အမှတ် ၂၂-၂/၂၀၁၇ (No.22-II/2017) | ၉ - ၁၁ |
| ၁၀။ | တိုင်လျှောက်သူများ၏ တင်ပြချက် | ၁၁ |
| ၁၁။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက် | ၁၁ - ၂၂ |
| ၁၂။ | ချမှတ်သည့်အမိန့် | ၂၃ - ၂၄ |
| ၁၃။ | သုံးသပ်တွေ့ရှိချက် | ၂၄ - ၂၅ |
| ၁၄။ | နိဂုံး | ၂၅ |

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အမှတ် ၂၂-၂/၂၀၁၇ (No.22-II/2017) အကြောင်း လေ့လာတင်ပြခြင်း

**နိဒါန်း**

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အာရှတိုက်နှင့်ဥရောပတိုက်တို့တွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး Inter-continental နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကုန်းမြေဧရိယာအကျယ်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ဧရိယာစတုရန်းကီလိုမီတာ ၁၇ သန်းခန့်ရှိပြီး ဥရောပအရှေ့ပိုင်းမှ အာရှတိုက်အရှေ့မြောက်ဘက်ထိ ကျယ်ပြန့်သည်။ ရုရှားဖက်ဒရေးရှင်း နိုင်ငံသည် နိုင်ငံပေါင်း (၁၄) နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ နယ်နိမိတ် ထိစပ်လျက်ရှိသော နိုင်ငံများမှာ နော်ဝေးနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အက်စတိုးနီးယားနိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ လစ်သူရေးနီးယားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ ဘီလာရုစ်နိုင်ငံ၊ ယူကရိန်းနိုင်ငံ၊ ဂျော်ဂျီယာနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ မွန်ဂိုးလီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ် အရှည်လျားဆုံး ထိစပ်လျက်ရှိသည်။ ထို့ပြင် ဘောလ်တစ်ပင်လယ်(the Baltic Sea)၊ ဘာရမ်ပင်လယ် (the Barents Sea)၊ ကာရာပင်လယ် (the Kara Sea)၊ ဆိုက်ဘေးရီးယမ်ပင်လယ် (the Siberian Sea)နှင့် ဘဲရင်းပင်လယ် (the Bering Sea)တို့နှင့် ထိစပ်လျက်ရှိသည်။ ကမ်းရိုးတန်းအရှည်မှာ ကီလိုမီတာ ၃၇၆၀၀ (၂၃၃၀၀ မိုင်) ရှည်လျားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို ပြည်ထောင်စုအစိတ်အပိုင်း များအဖြစ် ပြည်ထောင်စု ၂၂ ခု၊ နယ်မြေ ၉ နယ်မြေ၊ တိုင်း ၄၆ တိုင်း၊ ဖယ်ဒရယ်အဆင့်မြို့တော် ၃ မြို့တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင် ၄ ခရိုင်တို့ဖြင့် ဖွဲ့စည်းထား သည်။

၂။ ဆိုဗီယက်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းဟု အမည်ပြောင်း၍ ဆိုဗီယက်ယူနီယံကို တရားဝင်ဆက်ခံသောနိုင်ငံဖြစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံရေးနှင့် စီးပွားရေးအင်အားကိုရယူ၍ ခိုင်မာအားကောင်းသော နိုင်ငံခြားရေးမူဝါဒချ မှတ်ခဲ့သည်။ စီးပွားရေးတိုးတက်မှုနှင့်အတူ ရုရှားသည် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်ခုအဖြစ် သိသာထင်ရှားလာခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ၉ နိုင်ငံမြောက်လူဦးရေအထူထပ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မော်စကိုမြို့သည် နိုင်ငံ၏မြို့တော်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံး၏ လူဦးရေသည် ၂၀၂၄ ခုနှစ် စာရင်းအရ ၁၄၆ သန်းခန့်ရှိသည်။ ရုရှားနိုင်ငံတွင် ရုရှားဘာသာစကားကို အဓိကအသုံးပြုကြပြီး နိုင်ငံမှာ ကျယ်ဝန်းသောကြောင့် အခြားဘာသာစကား ၂၇ မျိုး ခန့်ကိုလည်း အသုံးပြုကြသည်။ တရားဝင်ရုံးသုံးဘာသာစကားမှာ ရုရှားဘာသာစကားဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ ရုံးသုံးဘာသာစကား ၆ ခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ဗီတိုအာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း

(WTO)၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယအဖွဲ့ (CIS) စသည့်အဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံလည်းဖြစ်သည်။ ထို့အပြင် အခြားဒေသတွင်းအဖွဲ့အစည်းကြီးများဖြစ်သော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (APEC)၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်(TMC)၊ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်း(SCO)၊ အာရှ-ပစိဖိတ် ဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (CSCAP)စသည်တို့တွင် ပါဝင်ခဲ့ပြီး ရုရှား အရှေ့ဖျား(Russian Far East-RFE)နှင့် အရှေ့ အာရှ(East Asia)အကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကိုပိုမို၍ လုပ်ဆောင်နိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (BRICS) ဖိုရမ်တွင်လည်း ရုရှားဖက်ဒ ရေးရှင်းနိုင်ငံက ဦးဆောင်အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ရုရှားနိုင်ငံ သည် အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူတရားရုံးများ အဖွဲ့ အစည်း( AACC)၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ**

၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ၁၉၀၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၁၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၁၉၂၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၃၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကိုပြဋ္ဌာန်းခဲ့ပြီး ယနေ့ အချိန်တွင် ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးလျက်ရှိသည်။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ၂၀၀၈ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ပြင်ဆင်ခဲ့ပြီး ၃ ကြိမ် ပြင်ဆင်ပြီးဖြစ်သည်။

၄။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမ္မတဦးဆောင်သော ပါလီမန်စနစ်ကျင့်သုံးသည့် ဖက်ဒ ရယ်သမ္မတနိုင်ငံဖြစ်သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာကို ဖက်ဒရေးရှင်းအစိုးရနှင့် ပြည်ထောင်စု ၏ နယ်မြေအစိတ်အပိုင်းများအကြားခွဲဝေကျင့်သုံးသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံဖွဲ့စည်းမှုတွင် နိုင်ငံ့အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်ပြီး ဖက်ဒရေးရှင်းကောင်စီ (Council of Federation) နှင့် ဒူးမားလွှတ်တော် (State of Duma) တို့ ပါဝင်သော ဖက်ဒရယ်လွှတ်တော် (Federal Assembly) သည် ဥပဒေပြုရေးအာဏာကိုကျင့်သုံး သည်။ အုပ်ချုပ်ရေးကဏ္ဍအား ဝန်ကြီးချုပ်အပါအဝင် အုပ်ချုပ်ရေးအာဏာပိုင်များက ဆောင်ရွက် သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် Civil Law Legal System ကိုကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ တရားစီရင်ရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားလွှတ်တော်ချုပ်၊ အထွေထွေစီရင်ပိုင်ခွင့်ရှိသော တရားရုံးများနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများ ပါဝင်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အဆိုပါ တရားရုံးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမိုင်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး၏ ပထမဆုံးသော တရားရုံးအဖြစ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် သက်ဆိုင်သော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေ (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ)ကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအား ၂၀၀၁ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ပြင်ဆင်မှုများပြုလုပ်ခဲ့ကာ ယနေ့တိုင်ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံနှင့်စီရင်ပိုင်ခွင့်

၆။ ၁၉၉၃ ခုနှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ **ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၂၅ (၁)နှင့် ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအပိုဒ် ၄** [၁]တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအပါအဝင် တရားသူကြီး ၁၁ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီးများ ခန့်အပ်ခြင်းအတွက် လုပ်ထုံးလုပ်နည်းမှာ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဖက်ဒရေးရှင်းကောင်စီနှင့် ဒူးမားလွှတ်တော်အမတ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဥပဒေပြုအဖွဲ့အစည်းများ၊ အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဖက်ဒရယ်တရားစီရင်ရေးဆိုင်ရာဌာနများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဥပဒေအသိုက်အဝန်း၊ ဥပဒေသိပ္ပံပညာနှင့် ဥပဒေပညာဆိုင်ရာအဖွဲ့အစည်းများက နိုင်ငံတော်သမ္မတထံသို့ တင်ပြရမည် ဖြစ်သည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သမ္မတ၏ ရွေးချယ်အဆိုပြုသူများကို ဖက်ဒရေးရှင်းကောင်စီကခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၁၂ အရ တရားရုံးအဖွဲ့ဝင်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် ကာလကန့်သတ်ချက်မရှိဘဲ အသက် ၇၀ နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌသည် အသက်ကန့်သတ်ချက်မရှိ တာဝန်ထမ်းဆောင်နိုင်ခွင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဒုတိယဥက္ကဋ္ဌသည် အသက် ၇၆ နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား နိုင်ငံတော်သမ္မတက အဆိုပြု၍ ဖက်ဒရေးရှင်းကောင်စီက ခန့်အပ်ရမည်ဖြစ်ပြီး ၎င်းတို့၏ ရာထူးသက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသည့် သက်တမ်းကုန်ဆုံးပြီးနောက် အဆိုပါ ရာထူးနေရာတွင် ထပ်မံတာဝန်ထမ်းဆောင်နိုင်သည်။

---

[၁] ၂၀၂၀ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေပြင်ဆင်ချက်များအရ ဖော်ပြခြင်းဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်

၇။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများ၊ ဖက်ဒရယ်ဥပဒေများနှင့် နိုင်ငံတော်သမ္မတ၊ ဖက်ဒရေးရှင်းကောင်စီ၊ ဒူးမားလွှတ်တော်၊ အစိုးရအဖွဲ့တို့၏ ဥပဒေစံသတ်မှတ်ချက်များ၊ ပြည်ထောင်စုအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုအဖွဲ့ဝင်အဖွဲ့အစည်းများ၏ စီရင်ပိုင်ခွင့်များနှင့် ပြည်ထောင်စုအစိတ်အပိုင်းများ၏ ပူးတွဲစီရင်ပိုင်ခွင့်များအရ ပြဋ္ဌာန်းထားသော ပိဋ္ဌိညာဉ်များ၊ ဥပဒေများနှင့် အခြားဥပဒေစံသတ်မှတ်ချက်များ၊ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိတ်အပိုင်းများ၏ အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသောစာချုပ်များ၊ ပြည်ထောင်စုအစိတ်အပိုင်းများ၏ အဖွဲ့အစည်းအချင်းချင်းအကြားချုပ်ဆိုထားသောစာချုပ်များ၊ အာဏာသက်ဝင်ခြင်းမရှိသေးသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ခ) အစိုးရအဖွဲ့အစည်းများအကြားဖြစ်ပွားသည့် လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းခြင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် နိုင်ငံသားလွတ်လပ်ခွင့်တို့အား ချိုးဖောက်ခံရခြင်းနှင့် သက်ဆိုင်သော တိုင်ကြားလွှာများနှင့်စပ်လျဉ်းသည့် ဥပဒေများနှင့် အခြားဥပဒေစံသတ်မှတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဃ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(င) သမ္မတအား နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် အခြားကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်သည့်ကိစ္စတွင် စွဲချက်တင်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အပေါ် သဘောထားပေးခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာစာချုပ်များကို နိုင်ငံတော်အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်နိုင်ခြေ ရှိ/မရှိနှင့်စပ်လျဉ်းသည့် အငြင်းပွားကိစ္စများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအပေါ်တာဝန်ရှိစေသည့် နိုင်ငံခြား သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်၊ နိုင်ငံခြား သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ခုံသမာဓိရုံး၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိနှင့် စပ်လျဉ်းသည့် အငြင်းပွားကိစ္စများ၊

(ဆ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများ၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေမူကြမ်းများနှင့် ဖက်ဒရယ်ဥပဒေမူကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တင်ပြမည့်အဆိုအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရေးရှင်းစာချုပ်နှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများက ပေးအပ်လာသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းနိုင်သူများ**

၈။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၅** အရ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဖက်ဒရယ်ဥပဒေများနှင့် ဥပဒေစံသတ်မှတ်ချက်များ၊ ပြည်ထောင်စုအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုအဖွဲ့ဝင်နှင့် ပြည်ထောင်စုအစိတ်အပိုင်းများအကြား ချုပ်ဆိုသည့်စာချုပ်များ၊ ပြည်ထောင်စုအစိတ်အပိုင်း အချင်းချင်းအကြားချုပ်ဆိုသည့်စာချုပ်များ အာဏာသက်ဝင်ခြင်းမရှိသေးသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ အဆုံးအဖြတ်ရယူရန်လိုအပ်ပါက နိုင်ငံတော်သမ္မတ၊ ဖက်ဒရေးရှင်းကောင်စီ၊ ဒူးမားလွှတ်တော်၊ အထက်လွှတ်တော် သို့မဟုတ် ဒူးမားလွှတ်တော်ကိုယ်စားလှယ်များ၏ ငါးပုံတစ်ပုံ အရေအတွက်ရှိသော ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့၊ တရားလွှတ်တော်ချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ပြည်ထောင်စုဝင်များ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသည်။

၉။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရာရုံးဥပဒေ အပိုဒ် ၉၆** အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရသည့် နိုင်ငံသားများ၊ ဖက်ဒရယ်ဥပဒေတွင် ရည်ညွှန်းဖော်ပြထားသည့် အခြားအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသည်။ ထို့ပြင် ဥပဒေစံသတ်မှတ်ချက်တစ်ရပ်ရပ်သည် နိုင်ငံသားအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ပါက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ပြည်ထောင်စုဝင်နယ်မြေအစိတ်အပိုင်းများ၏ Ombudsmen များ၊ နိုင်ငံသားအခွင့်အရေးကို ဆောင်ရွက်ရသည့် All-Russian အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းလျှောက်ထားနိုင်သည်။ ပြည်တွင်းဥပဒေစနစ်အရ ရရှိနိုင်သည့်ကုစားခွင့်များ ကုန်ဆုံးသွားသည့် နိုင်ငံသားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ကုစားမှုရရှိရေးအတွက် တင်သွင်းလျှောက်ထားနိုင်သည်။

၁၀။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၁၀၅** အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ ဖက်ဒရေးရှင်းကောင်စီ၊ ဒူးမား လွှတ်တော်၊ အစိုးရအဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ပြည်ထောင်စုဝင်နယ်မြေအစိတ်အပိုင်းများ၏ ဥပဒေပြုရေးအဖွဲ့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသည်။

၁၁။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေ အပိုဒ် ၃၊ အပိုဒ်ခွဲ ၃(၁)**အရ တရားရုံးတစ်ရုံးတွင် စစ်ဆေးဆဲအမှု၌ သက်ဆိုင်သည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများ၊ ဖက်ဒရယ်ဥပဒေများနှင့် ဥပဒေစံသတ်မှတ်ချက်များ၊ ပြည်ထောင်စုအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုအဖွဲ့ဝင် အဖွဲ့အစည်းများ၏ စီရင်ပိုင်ခွင့်များနှင့် ပြည်ထောင်စုအစိတ်အပိုင်းများ၏ ပူးတွဲစီရင်ပိုင်ခွင့်များအရ ပြဋ္ဌာန်းထားသော ပဋိညာဉ်များ၊ ဥပဒေများနှင့် အခြားဥပဒေစံသတ်မှတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ တရားရုံးများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသည်။

**အမှုတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**

၁၂။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ အမှုတင်သွင်းရာတွင် တောင်းဆိုမှု (Request)၊ လျှောက်ထားမှု (Application) နှင့် တိုင်လျှောက်မှု (Complaint) ဟူ၍ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာ၌ လျှောက်ထားသူကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ၊ လက်မှတ်ရေးထိုး၍ စာဖြင့်ရေးသားလျှောက်ထားနိုင်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဝက်ဘ်ဆိုက်ရှိ သတ်မှတ်ထားသည့်ပုံစံတွင် ဖြည့်သွင်းခြင်းဖြင့်လည်း လျှောက်ထားနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းလာပါက တရားရုံး၏ အတွင်းရေးမှူးချုပ်က တင်သွင်းလွှာတွင် သတ်မှတ်ထားသည့်အချက်များနှင့် ပြည့်စုံမှု ရှိ/မရှိကို ဦးစွာစစ်ဆေးရမည်ဖြစ်သည်။ လိုအပ်ချက်များရှိလျှင် တင်သွင်းသူအား အသိပေးအကြောင်းကြားရမည်ဖြစ်သည်။ ထို့နောက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများကို စိစစ်ရန် တာဝန်ပေးအပ်ရမည်။ ကနဦးစိစစ်တွေ့ရှိချက်ကို တရားရုံးအစည်းအဝေးသို့ အစီရင်ခံတင်ပြရမည်။

၁၃။ တင်သွင်းလွှာများကို လက်ခံခြင်းပြု မပြု စဉ်းစားဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးအစည်းအဝေးများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ တင်သွင်းလွှာတစ်စောင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း မကျရောက်လျှင်သော်လည်းကောင်း၊ တည်ဆဲ ဖွဲ့စည်းပုံအခြေဥပဒေဆိုင်ရာတရားရုံးဥပဒေအရ အမှုတင်သွင်းခွင့်ရှိသူက တင်သွင်းခြင်းမဟုတ်လျှင်သော် လည်းကောင်း၊ တင်သွင်းလွှာပါ အကြောင်းအရာများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီး ကိစ္စရပ်များဖြစ်လျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းဆုံးဖြတ်ပြီးဖြစ်သည့်ဥပဒေအရ၊ လျှောက်ထားလာလျှင်သော်လည်းကောင်း

စသည့် အခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် တင်သွင်းလွှာအား ပလပ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်။ တင်သွင်းသူသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက တင်သွင်းလွှာကို နှုတ်ဖြင့်ကြားနာစစ်ဆေးသည့် အစည်းအဝေးမစတင်မီ ၁ဝ ရက်ထက်နောက်မကျစေဘဲ ရုပ်သိမ်းနိုင်သည်။ နှုတ်ဖြင့်ကြားနာခြင်းမပြုသည့် အမှုတွင် တင်သွင်းလွှာအား လက်ခံစဉ်းစားခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပြီး တစ်လအတွင်း တင်သွင်းလွှာကို ရုပ်သိမ်းနိုင်သည်။

၁၄။ အမှုစစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာအမှုသည်များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ရမည်ဖြစ်ပြီး လိုအပ်လျှင်သက်သေများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘာသာပြန်များလည်း တက်ရောက်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လူမှုကျင့်ဝတ်များကို ကာကွယ်ရန်၊ နိုင်ငံသားများ၏ လုံခြုံမှုကို အာမခံပေးရန်၊ ဥပဒေအရ ကာကွယ်ပေးရမည့် လျှို့ဝှက်ချက်များကို ထိန်းသိမ်းရန်လိုအပ်သည့်အခါ သီးသန့်အစည်းအဝေး (in camera) ကျင်းပ၍ ဆောင်ရွက်ရမည်။ တရားသူကြီးတစ်ဦးဦးသည် လက်ရှိဖြစ်ပေါ်နေသောအငြင်းပွားမှုတွင် စဉ်းစားဆုံးဖြတ်ရမည့်ဥပဒေကို ပြဋ္ဌာန်းစဉ်အချိန်က ရာထူးအလျောက် ပါဝင်ခဲ့သူဖြစ်ခြင်း၊ အမှုသည်များ၏ ကိုယ်စားလှယ်များနှင့် အိမ်ထောင်ဖက်ဖြစ်ခြင်း သို့မဟုတ် ဆွေမျိုးနီးစပ်ဖြစ်ခြင်းကြောင့် အမှုဆုံးဖြတ်ရာတွင် အငြင်းပွားမှုပေါ်ပေါက်လာနိုင်ခြင်း၊ တရားသူကြီး၏ သမာဓိနှင့်ဂုဏ်သိက္ခာကို သံသယဖြစ်ပေါ်စေနိုင်သည့် အခြားအကြောင်းအရာများ ပေါ်ပေါက်စေနိုင်ခြင်းစသော အကြောင်းအရာများကြောင့် အမှုကို စဉ်းစားဆွေးနွေးရာတွင် အဆိုပါတရားသူကြီးအား ထည့်သွင်းခြင်းမပြုရကြောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအစည်းအဝေးတွင် သဘာပတိတရားသူကြီးက ကြားနာရန်အတွက် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးပြည့်စုံမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အမှုများကို ဆုံးဖြတ်ရာတွင် တရားသူကြီးများသည် ပွင့်လင်းစွာမဲပေး၍ သဘာပတိတရားသူကြီးက အပြီးသတ်ဆန္ဒမဲပေးရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေတွင် သီးခြား ပြဋ္ဌာန်းထားခြင်းမရှိလျှင် တရားရုံး၏ဆုံးဖြတ်ချက်များကို တရားသူကြီးများ၏ များရာဆန္ဒမဲဖြင့် ချမှတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်မူ တရားသူကြီးများ၏ သုံးပုံ နှစ်ပုံ ထက်မနည်းသော ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးများအနေဖြင့် မဲမပေးဘဲနေခြင်း သို့မဟုတ် မဲပေးရန်ရှောင်လွှဲခြင်းတို့ကို ခွင့်မပြုကြောင်း ပြဋ္ဌာန်းထားသည်။ တရားသူကြီးများသည် ဆုံးဖြတ်ချက်အပေါ် သဘောထားကွဲလွဲသည့် ထင်မြင်ယူဆချက်ကို စာဖြင့်ရေးသား၍ တင်ပြနိုင်သည်။ ယင်းသဘောထားကွဲလွဲသည့် ထင်မြင်ယူဆချက်ကို တရားရုံး၏ အစည်းအဝေးမှတ်တမ်းတွင် ပူးတွဲ၍သိမ်းဆည်းထားရမည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များအား တရားရုံးကစုံစမ်းရရှိထားသည့် အချက်အလက်များပေါ်တွင် အခြေခံ၍ ချမှတ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အမှုအား တရားဝင်သတ်မှတ်ထားသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ သို့မဟုတ် ကျင့်သုံး

လျက်ရှိသည့် အခြားတည်ဆဲဥပဒေများ စသည်တို့အပေါ်တွင် အခြေခံ၍ အမှု၏ပကတိသဘောအား စဉ်းစားဆုံးဖြတ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုသာ ဆုံးဖြတ်ချက်များချမှတ်၍ စီရင်ထုံးပြုရမည်ဖြစ်ပြီး အက်ဥပဒေတစ်ရပ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ လုပ်ပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍လည်း အငြင်းပွားသည့်အပိုင်းကိုသာ ဆုံးဖြတ်ရမည်ဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်

၁၆။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၇၁** တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး မျက်နှာစုံညီခုံအဖွဲ့နှင့် မျက်နှာစုံညီ အစည်းအဝေးတို့တွင် ချမှတ်သည့်ဆုံးဖြတ်ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက် (Judgement) အဖြစ်လည်းကောင်း၊ သမ္မတအား နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် အခြားကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်သည့်ကိစ္စတွင် စွဲချက်တင်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အပေါ် ချမှတ်သည့် အပြီးသတ်ဆုံးဖြတ်ချက်အား တရားရုံး၏သဘောထား (Opinion) အဖြစ်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချမှတ်ခဲ့သည့် အခြားစီရင်ချက်များကို ဆုံးဖြတ်ချက် (Decision) အဖြစ်လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်/ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံဝင်ခွင့်မရှိပေ။ စီရင်ချက်ကို ကြေညာပြီးနောက် ချက်ချင်းအာဏာသက်ရောက်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အား တိုက်ရိုက်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အခြား မည်သည့် အဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ အတည်ပြုချက်ကိုမျှ လိုအပ်မည်မဟုတ်ပေ။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အမှတ် ၂၂-၂/၂၀၁၇ (No.22-II/2017)

၁၈။ အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ အမေရိကန်နိုင်ငံသားနှစ်ဦးဖြစ်သည့် Nathanel Joseph Worden နှင့် Patrick Drake Oldham တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဆမ်မာရာတိုင်း၊ ဆမ်မာရာမြို့တော်ရှိ ခရစ်ယာန် ဘာသာရေးအဖွဲ့ဖြစ်သည့် “Church of Jesus Christ of Latter-day Saints” က ၎င်းတို့အား ဖိတ်ခေါ်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဆမ်မာရာမြို့သို့ရောက်ရှိခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ၎င်းတို့အား ဖိတ်ခေါ်သည့် ဘုရားကျောင်း လိပ်စာဖြင့် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ဆမ်မာရာမြို့တော်တွင် မှတ်ပုံတင်ပေးခဲ့သည်။ သို့ရာတွင် ယင်းအမေရိကန် နိုင်ငံသားနှစ်ဦး ကမှတ်ပုံတင်ရာလိပ်စာတွင် နေထိုင်ခြင်းမရှိဘဲ ယင်းမြို့တော်ရှိ အခြားအဆောက်အဦတစ်ခုတွင် နေထိုင်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ရဲများက ၎င်းတို့နှစ်ဦးအား မှတ်ပုံတင်ရာလိပ်စာနှင့် နေထိုင်သည့် လိပ်စာကွဲလွဲနေသဖြင့် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မှတ်ပုံတင်နည်းဥပဒေများကို ဖောက်ဖျက်သည်ဟုဆိုကာ စီမံခန့်ခွဲရေးဆိုင်ရာပြစ်မှုဖြင့် ဆမ်မာရာခရိုင်တရားရုံးသို့ အမှုစွဲဆိုတင်ပို့ခဲ့သည်။ ယင်းနေ့

မှာပင် ဆမ်မာရာခရိုင်တရားရုံး (District Court) က Nathanel Joseph Worden နှင့် Patrick Drake Oldham တို့အား စီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေအရ ပြစ်မှုထင်ရှားသည့်အတွက် ရူဘယ်ငွေ ၂၀၀၀ စီပေးဆောင်စေရန် နှင့် ၎င်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နယ်နိမိတ်ပြင်ပသို့ နှင်ထုတ်စေရန် စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့က မကျေနပ်၍ ဆမ်မာရာဒေသဆိုင်ရာတရားရုံး (Regional Court) သို့ အယူခံတက်ရောက်ခဲ့သော်လည်းမအောင်မြင်ခဲ့ချေ။ သို့ဖြစ်၍ Nathanel Joseph Worden နှင့် Patrick Drake Oldham တို့က “**ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာမှတ်ပုံတင်ခြင်းဥပဒေ**” (Federal Law on Migration Registration of Foreign Nationals and Stateless Persons in the Russian Fedaration)တွင် ဖော်ပြထားသည့် နိုင်ငံခြားသားတစ်ဦးသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ရောက်ရှိပါက တည်းခိုသည့်နေရာ (place of stay)တွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်[၂]သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးသို့ တိုင်လျှောက်လွှာ (Complaint)များ သီးခြားတင်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက တိုင်လျှောက်လွှာနှစ်ခုစလုံးမှာ တူညီသည့်အကြောင်းအရာတစ်ခုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ တစ်မှုတည်းအဖြစ်ပေါင်း၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။[၃]

၁၉။ အမှုတွင် လျှောက်ထားသူ Nathanel Joseph Worden နှင့် Patrick Drake Oldham တို့အတွက် ၎င်းတို့၏ ရှေ့နေ များဖြစ်ကြသည့် S.A.Golubok နှင့် M.Yu.Zhirova တို့က လိုက်ပါဆောင်ရွက်ခဲ့သည်။

၂၀။ အမှုနှင့်သက်ဆိုင်သူများအဖြစ် ဒူးမားလွှတ်တော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဆိုင်ရာ အထူးအာဏာလွှဲအပ်ခံရသည့် ကိုယ်စားလှယ် T.V.Kasayeva၊ ဖက်ဒရေးရှင်းကောင်စီ၏ ကိုယ်စားလှယ် Dr.Ye.Yu.Yegorovaနှင့် နိုင်ငံတော်သမ္မတ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဆိုင်ရာကိုယ်စားလှယ် M.V.Krotov တို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

၂၁။ ရုံးတော်မှဖိတ်ခေါ်ထားသည့် ကိုယ်စားလှယ်များမှာ တရားရေးဝန်ကြီးဌာနမှ M.A. Melnikova၊ ပြည်ထဲရေးဝန်ကြီးဌာနမှ G.V.Maryan နှင့် ရှေ့နေချုပ်ရုံးမှ T.A.Vasilyeva တို့ဖြစ်ကြသည်။

၂၂။ အမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ V.D.Zorkin, တရားသူကြီးများဖြစ်ကြသည့် K.V.Aranovsky, A.I. Boitsov, N.S.Bondar, G.A.Gadzhiev, Yu.M.Danilov, L.M. Zharkova, S.M.Kazantse, S.D Knyazev, A.N. Kokotov, L.O. Krasavchikova,

---

[၂] Federal Law on Migration Registration of Foreign Nationals and Stateless Person, in the Russian Fedaration A.20.1,A.20.2(2)

[၃] Federal Constitutional Law on the Constitutional Court of the Russia Federation A.48

S.P.Mavrin, N.V.Melnikov, Yu.D.Rndkin, O.S.Khokhryakova နှင့် V.G.Yaroslavtsev တို့က ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

၂၃။ အများပြည်သူရှေ့မှောက်၌ ရုံးထိုင်ပြီး အမှုတည်ဆောက်သူ တရားသူကြီး K.V.Aranovsky ၏ အစီရင်ခံစာ၊ အမှုသည်များ၏ တင်ပြချက်များ၊ နှစ်ဖက်လျှောက်လဲချက်များနှင့် တင်ပြသည့် စာရွက်စာတမ်းများကို ကြားနာသုံးသပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စီရင်ချက် (Judgement) ချမှတ်ခဲ့ခြင်းဖြစ်သည်။

**တိုင်လျှောက်သူများ၏ တင်ပြချက်**

၂၄။ တိုင်လျှောက်သူများက "**ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာမှတ်ပုံတင်ခြင်းဥပဒေ**" ပါ တည်းခိုရာနေရာတွင် မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ**အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ နှင့် ၂၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ ၁၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ ၁၊ အပိုဒ် ၄၅၊ အပိုဒ်ခွဲ ၁၊ အပိုဒ် ၄၆၊ အပိုဒ်ခွဲ ၁ နှင့် အပိုဒ် ၅၅၊ အပိုဒ်ခွဲ ၂ နှင့် ၃** တို့နှင့် ဆန့်ကျင်နေကြောင်း၊ [၆]ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ယာယီတည်းခိုနေထိုင်သည့် နိုင်ငံခြားသားများရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မှတ်ပုံတင်ရာတွင် မတိကျသည့် စည်းကမ်းချက်များပါရှိနေသည့်အတွက်လည်းကောင်း၊ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို အတိအကျ နားလည်သဘောပေါက်ခြင်းမရှိသည့်အပြင် နိုင်ငံခြားသားများ၏ တာဝန်ကိုလည်း မသိရသဖြင့်လည်းကောင်း၊ လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာနေရာဒေသ ရွေးချယ်ခွင့်၊ ၎င်းတို့၏ လုပ်အားစွမ်းရည် လွတ်လပ်စွာအသုံးချခွင့်နှင့် တရားရုံးများအပါအဝင် နိုင်ငံတော်ကပေးထားသည့် အကာအကွယ်နှင့် အခွင့်အရေးများကို အသုံးချရာတွင် အတားအဆီး ဖြစ်နေကြောင်း၊ ထို့ပြင် နိုင်ငံခြားသားများ၏ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိမှုကိစ္စရပ်များကို စဉ်းစားချင့်ချိန်ရာတွင်လည်း ဥပဒေမဲ့ဖြစ်နိုင်ဖွယ်ရှိကြောင်း တင်ပြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက်**

၂၅။ ၁၈-၇-၂၀၀၆ ရက်နေ့တွင် ဖက်ဒရယ်ဥပဒေအမှတ် ၁၀၉-၃ အဖြစ်ပြဋ္ဌာန်းခဲ့သော **"ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ"** (Federal Law on Migration Registration of Foreign Nationals and

[၆] လူတိုင်းသည် ဥပဒေအရာနှင့် တရားရုံးရှေ့မှောက်တွင် တန်းတူညီမျှမှုရှိကြောင်း၊ နိုင်ငံတော်သည် လူ့အခွင့်အရေး ပြည်သူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို အာမခံချက်ပေးရမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပိုင်နက်နယ်မြေပေါ်တွင် တရားဝင်နေထိုင်သူတိုင်းသည် လွတ်လပ်စွာသွားလာပိုင်ခွင့်နှင့် ယာယီနေထိုင်ရာ သို့မဟုတ် အမြဲတမ်းနေထိုင်ရာဒေသကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိကြောင်း၊ လွတ်လပ်စွာအလုပ်လုပ်ကိုင်ခွင့်ရှိကြောင်း၊ လူတိုင်းသည် တရားရုံး၌ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ရယူနိုင်ခြင်းရှိကြောင်း၊ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ဖျက်သိမ်းသည့် သို့မဟုတ် ယုတ်လျော့စေသည့် ဥပဒေကိုပြဋ္ဌာန်းခြင်းမပြုရကြောင်း၊ အခြားပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်ရန် သို့မဟုတ် နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပြည်သူများ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို လိုအပ်သည့်အတိုင်းအတာ အရသာလျှင် အကန့်အသတ်ပြုနိုင်ကြောင်းဖော်ပြထားပါသည်။

Stateless Persons, in the Russian Fedaration) **အပိုဒ် ၂၀** အရ နိုင်ငံခြားသားတစ်ဦးသည် ဤဥပဒေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံက ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အရ ပြဋ္ဌာန်းသတ်မှတ်ထားသည့်အမိန့်၊ စည်းကမ်းချက်များနှင့်အညီ ၎င်းတည်းခိုနေထိုင်သည့် နေရာဒေသ(place of stay)တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း ခေတ္တနေထိုင်မည့် သို့မဟုတ် တည်းခိုနေထိုင်မည့် နိုင်ငံခြားသားတစ်ဦးသည် ရောက်ရှိသည့်နေ့မှ ရုံးဖွင့်ရက်ခုနစ်ရက်အတွင်း တည်းခိုနေထိုင်သည့်နေရာဒေသတွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

၂၆။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရုရှားနိုင်ငံသည် ဥပဒေနှင့်အညီ အုပ်ချုပ်သည့် ဒီမိုကရက်တစ်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လူသားများ၏ အခွင့်အရေး များနှင့် လွတ်လပ်ခွင့်များသည် အမြင့်ဆုံးတန်ဘိုးများဖြစ်သည်။ **(အပိုဒ် ၁နှင့် ၂)**၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များသည် ဖက်ဒရယ်ဥပဒေအရ သို့မဟုတ် ရုရှားဖက်ဒရေးရှင်း နိုင်ငံကချုပ်ဆိုသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များအရ သတ်မှတ်ချက်များမှအပ နိုင်ငံသားများ နည်းတူအခွင့်အရေးများကို ခံစားခွင့်ရှိသကဲ့သို့ တာဝန်များကိုလည်း ထမ်းဆောင်ရမည်ဖြစ်သည်။ **(အပိုဒ် ၆၂၊ အပိုဒ်ခွဲ ၃)**။ ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၆၂၊ အပိုဒ်ခွဲ ၃** ၏ အဓိပ္ပါယ်မှာ ယင်းဥပဒေ **အပိုဒ် ၁၇၊ အပိုဒ်ခွဲ ၂** နှင့် အခန်း ၂ “လူ့အခွင့်အရေး၊ ပြည်သူများ၏ အခွင့်အရေးများနှင့် လွတ်လပ် ခွင့်များအခန်းပါ အခြားပြဋ္ဌာန်းချက်များနှင့် အပြန်အလှန်ဆက်နွယ်မှုရှိပြီး ပေါ်ပေါက်လာသည့် အခွင့်အရေးများနှင့်တာဝန်များကို ခံစားရမည်ဖြစ်သည်။”

၂၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၂၇၊ အပိုဒ်ခွဲ ၁** အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နယ်နိမိတ် အတွင်း တရားဝင်ရောက်ရှိသူတိုင်းသည် လွတ်လပ်စွာခရီးသွားလာခွင့်နှင့် တည်းခိုနေထိုင်မည့် အရပ်ဒေသကို လွတ်လပ်စွာရွေးချယ်နေထိုင်ခွင့်ရှိသည်။ လွတ်လပ်စွာခရီးသွားလာခွင့်သည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အကာအကွယ်ပေးရေး သဘောတူစာချုပ်အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေက အသိအမှတ်ပြုထားသည့်အချက်ဖြစ်သည်။ ယင်းစာချုပ်၏ နောက် ဆက်တွဲစာချုပ် အမှတ် ၄၊ **အပိုဒ် ၂** တွင် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း တရားဝင်ရောက်ရှိ နေသူတိုင်းသည် အဆိုပါ နယ်နိမိတ်အတွင်း လွတ်လပ်စွာရွေ့လျားသွားလာခွင့်နှင့် နေထိုင်ရာ အရပ်ကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိသည်။ ထို့ပြင် ထိုအခွင့်အရေးအသုံးပြုခွင့်ကို ဥပဒေနှင့်အညီ ဒီမိုကရက်တစ် လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူဘေး အန္တရာယ်ကင်းရှင်းရေးအကျိုးအတွက် လိုအပ်သည့်အချိန်တွင် အများပြည်သူ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန်၊ ပြစ်မှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်၊ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကို ကာကွယ်ရန် သို့မဟုတ် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ရန်တို့မှ တစ်ပါးတားဆီးပိတ်ပင်ခြင်းမပြုရကြောင်း ဖော်ပြထားသည်။

၂၈။ တစ်ချိန်တည်းမှာပင် ရုရှားဖက်ဒေးရှင်းနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကလည်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် ၅-၂ နှင့် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ စီရင်ချက်အမှတ် ၉၀၂ တို့တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးမှာ ရုရှားဖက်ဒရေးရှင်း နိုင်ငံနယ်နိမိတ်အတွင်း တရားဝင်ရောက်ရှိနေသူများကိုသာလျှင် အာမခံချက်ပြုထားခြင်းဖြစ်ကြောင်း၊ ယင်းအခွင့်အရေးမှာ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အကာအကွယ်ပေးရေး သဘောတူ စာချုပ်အပိုဒ် ၃နှင့် ၈နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လူ့အခွင့်အရေးကြေညာစာတမ်း **အပိုဒ် ၂**၊ အမှတ်စဉ် ၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် အပြန်အလှန်ဆက်စပ်မှုရှိကြောင်း အတိအလင်းဖော်ပြထားသည်။

၂၉။ သက်သေတင်ပြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ**အပိုဒ် ၁၅ အပိုဒ်ခွဲ ၄** အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဥပဒေစနစ်၏ ပြီးပြည့်စုံသော အစိတ်အပိုင်းဖြစ်သည်။ နိုင်ငံ၏ ဥပဒေပြုသူများသည် ရွှေ့ပြောင်း နေထိုင်မှု မူဝါဒတွင် တရားဥပဒေနှင့် ညီညွတ်သည့် ရည်မှန်းချက်များရရှိစေရန် ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များအတွက် တရားဝင်နေထိုင်ရာ နေရာများရရှိစေရန် ဆောင်ရွက်ပေးရမည့်အပြင် စည်းကမ်းချိုးဖောက်မှုအတွက် တာဝန်ရှိမှုကိုလည်း သတ်မှတ်ပေးရမည် ဖြစ်သည်။ ထို့ပြင် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နယ်ပယ်တွင် ပြစ်မှုများဖြစ်ပွားမှုကို ရပ်တန့်စေရန် အတင်းအကျပ်ပြုခြင်းကိစ္စရပ်များ၊ ဥပဒေနှင့်အညီချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို ဥပဒေနှင့်မညီဘဲ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းတို့မှ ကာကွယ်ခြင်းကိစ္စရပ်များအတွက် နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။

၃၀။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ**အပိုဒ် ၁၇၊ အပိုဒ်ခွဲ ၃၊ အပိုဒ် ၁၉၊ အပိုဒ် ၅၅၊ အပိုဒ်ခွဲ ၂နှင့် ၃၊ အပိုဒ် ၅၆၊ အပိုဒ်ခွဲ ၃** တို့ အပါအဝင် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို ကန့်သတ်ပိတ်ပင်ခြင်းကို လိုအပ်သည့်အတိုင်းအတာအထိသာခွင့်ပြုပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ထူးခြားသည့်တန်ဖိုးများနှင့် အများပြည်သူနှင့် ပုဂ္ဂလိက အကျိုးစီးပွားတို့ကို ကာကွယ် ပေးရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရန် လုပ်ထုံးနည်းလမ်းများ ပြဋ္ဌာန်းမည့်ဖက်ဒရယ်ဥပဒေ သည် သက်ဆိုင်ရာအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကန့်သတ် ပိတ်ပင်ရာတွင် အားနည်းချက်များ နှင့် အချိုးအစားမညီမျှမှုများကို ဖယ်ရှားပြီး အခွင့်အရေး၏ ရည်မှန်းချက်များ အသေအချာရရှိခံစားနိုင် စေရန် ပြဋ္ဌာန်းရမည်ဖြစ်သည်။

၃၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း ခေတ္တနေထိုင်သည့် နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ မှတ်ပုံတင်ခြင်းကို **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားနှင့်နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ**အရဆောင်ရွက်သည်။ ယင်းဥပဒေမှာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့က ဖက်ဒရယ်ဥပဒေအမှတ် ၁၁၅-၃ အဖြစ်ပြဋ္ဌာန်းခဲ့သည့် **"ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်းရှိ နိုင်ငံခြားသားများ၏ ဥပဒေဆိုင်ရာ အဆင့်အတန်းဥပဒေ**"(Federal Law on Legal on Legal Status

of Foreign Nationals in the Russian Federation) **အပိုဒ် ၂၉** ကို အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်သည်။ အထက်ပါ ဥပဒေ၏ ရည်ရွယ်ချက်မှာ ရုရှားနိုင်ငံသားများနားလည် သဘောပေါက်စေနိုင်သည့် စည်းကမ်းချက်များထားရှိရန်၊ နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ၏ အခွင့်အရေး၊ လွတ်လပ်ခွင့်များနှင့် ထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊ နိုင်ငံတော်၏ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာမူဝါဒကို နားလည်သဘောပေါက်စေရန်၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်နိုင်ရန်နှင့် ပဋိပက္ခဖြေရှင်းနိုင်ရန်အတွက် ပြောင်းရွှေ့လာမှုများ၏ အကျိုးဆက်ကို ခန့်မှန်းနိုင်ရန်နှင့် နိုင်ငံတော်က ရွှေ့ပြောင်းနေထိုင်မှုကို စာရင်းပြုစုကြီးကြပ်နိုင်ရေးအတွက် နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ၏ သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်ထိရောက်စွာ ရရှိနိုင်စေရန်တို့ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ်ကို ကာကွယ် စောင့်ရှောက်ရန်၊ ရုရှားနိုင်ငံအတွင်းရှိ ရုရှားနိုင်ငံသားများ၊ နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ၏ ကိုယ်ကျင့်တရား၊ အခွင့်အရေးများနှင့် တရားဝင်အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုနှင့် အခြားဥပဒေနှင့် မညီသောပြုလုပ်မှုများကို တုန့်ပြန်ခြင်းအားဖြင့် ရုရှားနိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် အများပြည်သူလုံခြုံရေးကိုထိန်းသိမ်းရန်၊ ရုရှားနိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံခြားသားများနှင့်နိုင်ငံမဲ့များ၏ ကိုယ်ရေးအချက်အလက်အပါအဝင် အချက်အလက်များကို စနစ်တကျဖြစ်စေရန်နှင့် အခြားလူမှုစီးပွားရေးနှင့် လူမှုနိုင်ငံရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်သည်။

၃၂။ ထိုရည်မှန်းချက်များအောင်မြင်ရေးအတွက် **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေအပိုဒ် ၄၊ အပိုဒ်ခွဲ ၂** အရ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ရခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၅-၂ တွင် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း ခေတ္တနေထိုင်သည့် နိုင်ငံခြားသား များနှင့် နိုင်ငံမဲ့များ၏ နေထိုင်ရာအရပ်ဒေသတွင် မှတ်ပုံတင်ရန် ဖော်ပြထားကြောင်း၊ ထိုနည်းဥပဒေများကို လျော်ကန်သင့်မြတ်စွာ လိုက်နာရန်တာဝန်ကို ၎င်းတို့အပေါ်ချမှတ်ထားကြောင်း၊ ဆန့်ကျင်ဘက် အကျိုးဆက်မဖြစ်ပေါ်စေရန်နှင့် ယင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ခံနိုင်သည့် ဘောင်ကိုကျော်လွန်မသွားရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်များကို မလိုက်နာပါက စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိမှုကိုလည်း ဖော်ပြထားကြောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်နိမိတ်ပြင်ပသို့ နှင်ထုတ်ခြင်းလည်း ပါဝင်ကြောင်း ဖော်ပြထားသည်။

၃၃။ ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံးကလည်း စီမံခန့်ခွဲရေးဆိုင်ရာ ပြည်နှင်ခြင်းကို အာဏာပိုင်များက ၎င်းအပေါ်အပြစ်မပေးပါက ဥပဒေလေးစားလိုက်နာမှုကို ယုတ်လျော့စေပြီး ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အမိန့်ကိုထပ်တလဲလဲ ချိုးဖောက်သူများနှင့် ပြစ်မှုကြီးများကို ကာကွယ်ရန်အတွက်သာ အသုံးပြုခွင့်ရှိသည်ဟုယုံကြည်သည်။ ဥပဒေပြဋ္ဌာန်းထားသည့်ကိစ္စများနှင့် ဒီမိုကရေစီ လူ့ဘောင်

အဖွဲ့အစည်းအတွက် လိုအပ်သည့်ကိစ္စများမှတစ်ပါး အများပြည်သူဆိုင်ရာအာဏာပိုင်တစ်ဦးသည် ပုဂ္ဂလိကနှင့် မိသားစုဘဝအခွင့်အရေးများခံစားခြင်းကို ထိပါးနှောင့်ယှက်ခြင်းမပြုရပေ။ သို့ရာတွင် အမှုတစ်မှုချင်းစီ၏ ကွဲပြားခြားနားသည့် အခြေအနေပေါ်မူတည်၍ စီမံခန့်ခွဲရေးဆိုင်ရာ ပြည်နှင်ခြင်း ပြစ်ဒဏ်ချမှတ်ရမည့်အကြောင်းများရှိနိုင်သည်။ ယင်းမှာ နိုင်ငံတစ်နိုင်ငံ၏ ချင့်ချိန်မှုဖြစ်ပြီး တစ်ဦးချင်း နှင့်လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးစီးပွားများအကြား တာဝန်ကိုမျှတစွာချင့်ချိန် သတ်မှတ်ရမည် ဖြစ်သည်။ (၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ Nunez V, Norway အမှုဆုံးဖြတ်ချက်နှင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ Alim V.Russia အမှုဆုံးဖြတ်ချက်)

၃၄။ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ**အပိုဒ် ၄**၊ အပိုဒ်ခွဲ ၁ အရ ရွှေ့ပြောင်းနေထိုင်သူများ မှတ်ပုံတင်ခြင်းသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံအတွင်းရှိနေရာတစ်ခု(နေရပ်လိပ်စာ)သို့ နိုင်ငံခြားသား (နိုင်ငံမဲ့)တစ်ဦး ရောက်ရှိ နေထိုင်သည့်အချက်ကို ထင်ဟပ်စေသည်။ ယင်းမှာအများပြည်သူဆိုင်ရာ အာဏာပိုင်များ၊ လက်ခံ သည့်အဖွဲ့အစည်းနှင့် ဥပဒေအရဆက်နွယ်သူများက ယင်းနိုင်ငံခြားသားကို တိုက်ရိုက် ဆက်သွယ်နိုင် ရန်ဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်သူများ မှတ်ပုံတင်ခြင်းသည် ရောက်ရှိလာသည့် နိုင်ငံခြားသား (နိုင်ငံမဲ့)အနေဖြင့် မဖြစ်မနေလိုက်နာရမည့် ယေဘုယျစည်းမျဉ်းဖြစ်သည်။ မလိုက်နာပါက နိုင်ငံတော် က အရေးယူနိုင်သည်။ နိုင်ငံခြားသား (နိုင်ငံမဲ့)အပေါ် ၎င်းနေထိုင်သည့်နေရာတွင် သတ်မှတ်စည်းကမ်း ချက်များနှင့် အညီမှတ်ပုံတင်ရန် တာဝန်သတ်မှတ်ခြင်းမှာ အချက်အလက် အစစ်အမှန်ကိုတင်ပြ စေရန်နှင့် ဥပဒေနှင့် အညီဆောင်ရွက်မှုများကို ပြုလုပ်နိုင်စေရန်ဖြစ်သည်။

၃၅။ တစ်ချိန်တည်းမှာပင် လက်ခံသည့် အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို လည်း ရွှေ့ပြောင်းနေထိုင်သူများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် ဖော်ပြထားသည်။ လက်ခံသည့် အဖွဲ့အစည်းက ရွှေ့ပြောင်းနေထိုင်သူများ မှတ်ပုံတင်အဖွဲ့ထံသို့ လျှောက်ထားရာတွင် နိုင်ငံခြားသား (နိုင်ငံမဲ့)၏ ကိုယ်ရေးအချက်အလက်များနှင့်အတူ နေထိုင်မည့်နေရာဒေသသို့ ရောက်ရှိကြောင်း အသိ ပေးအကြောင်းကြားရမည်ဖြစ်သည်။ နိုင်ငံခြားသား(နိုင်ငံမဲ့)ကလည်း လက်ခံသည့်အဖွဲ့အစည်း၏ ခွင့်ပြုစာကို တင်ပြရမည်။ နိုင်ငံခြားသားက ရုရှားနိုင်ငံနယ်နိမိတ်အတွင်း နေအိမ်ပိုင်ဆိုင်ပြီး ယင်း နေအိမ်တွင် နေထိုင်လိုကြောင်း တင်ပြပါက လက်ခံသည့် အဖွဲ့အစည်းက ၎င်းနေထိုင်သည့်အရပ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အဖွဲ့သို့ အသိပေးအကြောင်းကြားရမည်ဖြစ်သည်။

၃၆။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၄၊ အပိုဒ်ခွဲ ၁** အရရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာမှတ်ပုံတင်ခြင်းကို ဖောက် ဖျက်ကျူးလွန်ခြင်းအတွက် တာဝန်ရှိသူမှာ နိုင်ငံခြားသား(နိုင်ငံမဲ့) ဖြစ်သကဲ့သို့ လက်ခံသည့် အဖွဲ့အ စည်းတွင်လည်း ၎င်းကို မှတ်ပုံတင်ပေးထားသည့်နေရာဒေသမှ အခြားသို့ပြောင်းရွှေ့နေထိုင်ကြောင်း အာဏာပိုင်အဖွဲ့အစည်းထံ အကြောင်းကြားခြင်းမရှိသည့်အတွက် တာဝန်ရှိသည်။

၃၇။ တရားမျှတမှုနှင့် အချိုးအစားညီမျှမှုဆိုင်ရာဥပဒေ စည်းမျဉ်းများ (Legal principles of fairness and proportionality)အရ ဥပဒေနှင့်အညီ သီးခြားပြုလုပ်မှုကို မပြုလုပ်ခြင်းအတွက် တာဝန်ရှိမှုမှာ သတ်မှတ်ထားသည့်ပြုလုပ်မှုကိုပြုလုပ်ရန် ၎င်းသူအား အတိအကျတာဝန်ပေးထားရန်လိုအပ်သည်။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်း ဥပဒေအပိုဒ် ၂၄၊ အပိုဒ်ခွဲ ၁** ၏ ရည်ရွယ်ချက်မှာ နိုင်ငံခြားသား (နိုင်ငံမဲ့)များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းကို ချိုးဖောက်ပြီး မလျော်မကန်ပြုမှုကို တားဆီးရန်ဖြစ်သည်။ သို့ရာတွင် နိုင်ငံခြားသား (နိုင်ငံမဲ့)နှင့် လက်ခံသည့် အဖွဲ့အစည်းတို့အပေါ် တာဝန်များပေးအပ်ထားမှုနှင့်စပ်လျဉ်း၍ လက်ခံသည့်အဖွဲ့အစည်းက နိုင်ငံခြားသားများကနေထိုင်ရာ အရပ်သို့ရောက်ရှိကြောင်း ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင် အဖွဲ့အစည်းသို့ အကြောင်းကြားစာပေးပို့ကာ မှတ်ပုံတင်ခဲ့ပြီး၊ နိုင်ငံခြားသားက အကြောင်းကြားစာတွင် ဖော်ပြထားသည့်နေရာ၌ မနေဘဲအခြားနေရာတွင် နေထိုင်ခြင်းသည် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်နည်း ဥပဒေများကို ချိုးဖောက်ရာရောက်မရောက်ကို လျှောက်ထားသူနှင့် လက်ခံသည့်အဖွဲ့အစည်းတို့က တိတိကျကျ တင်ပြခဲ့ခြင်းမရှိချေ။

၃၈။ လက်ခံသည့်အဖွဲ့အစည်းအပေါ်တာဝန်ရှိစေခြင်းသည် တရားမျှတမှုဆိုင်ရာစည်းမျဉ်းနှင့် ကိုက်ညီခြင်းမရှိပေ။ နေထိုင်သည့်အရပ်၏လိပ်စာနှင့်နိုင်ငံခြားသား (နိုင်ငံမဲ့)အမှန်နေထိုင်သည့်နေရာ ကွဲလွဲနေခြင်းမှာ လက်ခံသည့်အဖွဲ့အစည်း၏ ပြုလုပ်မှု(ပျက်ကွက်မှု)ကြောင့်သာဖြစ်သည်ဟု မယူဆနိုင်ဘဲ ဖိတ်ခေါ်ခြင်းခံရသူက ၎င်းနေရန်ဆုံးဖြတ်ထားသည့် လိပ်စာပြောင်းလဲမှုကို သတင်းမပို့ခြင်းကြောင့်လည်းဖြစ်နိုင်သည်။ ယင်းသို့ဖြင့် နိုင်ငံခြားသား (နိုင်ငံမဲ့)က တာဝန်ရှိ အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုကို ရှောင်ရှားရန်ကြံရွယ်ပြီး အများပြည်သူဆိုင်ရာ အာဏာပိုင်များက ၎င်း၏ အပြုအမူအပေါ် အရေးယူမှုကို နှောင့်နှေးစေနိုင်သည့် နောက်ဆက်တွဲအခွင့်အရေး အလွဲသုံးစားပြုမှုလည်း ဖြစ်နိုင်ဖွယ်ရှိသည်။

၃၉။ နိုင်ငံခြားသား(နိုင်ငံမဲ့)အပေါ် တာဝန်ရှိစေခြင်းသည်လည်း အထက်ဖော်ပြပါ စည်းမျဉ်းကို ဖောက်ဖျက်ရာရောက်နိုင်သည်။ လက်ခံသည့် အဖွဲ့အစည်းကနေထိုင်ရာအရပ်အဖြစ် မှတ်ပုံတင်ထားသည့်နေရာတွင် မဟုတ်ဘဲ အခြားနေရပ်လိပ်စာတစ်ခုခုတွင် နေထိုင်ခြင်းမှာ ၎င်းက ထိုသို့နေထိုင်နိုင်ခွင့် ရှိ/မရှိ ထိုက်သင့်သည့်သတိဖြင့် ရှင်းလင်းစွာ မသိရခြင်းကြောင့်ဖြစ်နိုင်သည်။

၄၀။ နိုင်ငံခြားသား(နိုင်ငံမဲ့)များသည် လျှောက်လွှာတွင် ဖော်ပြထားသည့် နေရပ်လိပ်စာတွင်သာ နေထိုင်ရမည်ဆိုခြင်းမှာ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မှတ်ပုံတင်ခြင်း စည်းကမ်းချက်များတွင် ပါဝင်ခြင်းမရှိပေ။ ထို့ကြောင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်စည်းမျဉ်းများကို မလိုက်နာခြင်းဟု မဆိုနိုင်ပေ။ မှတ်ပုံတင်ထားသည့် လိပ်စာတွင်သာ နေထိုင်ရမည်ဆိုပါက နိုင်ငံခြားသားများ၏ ရုရှားနိုင်ငံအတွင်းနေထိုင်မှုကို ကန့်သတ်ချုပ်ချယ်ရာရောက်ပြီး လွတ်လပ်စွာခရီးသွားလာမှုကို ကန့်သတ်

ရာရောက်သကဲ့သို့ အကာအကွယ်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တန်ဖိုးများ၏ ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီမှုမရှိပေ။

၄၁။ တစ်ပြိုင်တည်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ၎င်း၏ ပိုင်နက်နယ်မြေအတွင်းသို့ ရောက်ရှိလာသည့် နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များအတွက် အဓိပ္ပာယ်ပြည့်ဝပြီး ဥပဒေနှင့်ညီသည့် စည်းကမ်းချက်များကို ဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။ ၎င်းတို့အား စောင့်ကြပ်ခြင်းမှာ ရုရှားပိုင်နက်အတွင်း ၎င်းတို့ ဥပဒေနှင့်အညီ တည်းခိုနေထိုင်ခြင်းကို အတည်ပြုခြင်းဖြစ်သည်။

၄၂။ လက်ခံသည့်အဖွဲ့အစည်း၏ ဖိတ်ခေါ်မှုကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိလာသည့် အိုးအိမ်ပိုင်ဆိုင်ခြင်းမရှိသော နိုင်ငံခြားသား (နိုင်ငံမဲ့)၏ တည်းခိုနေထိုင်ရာအရပ်မှာ လက်ခံသည့် အဖွဲ့အစည်းက သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၊ အပိုဒ်ခွဲ ၁** ၏ အမှတ်စဉ် ၇ အရ ၎င်းအားဥပဒေအရနေထိုင်သူ၊ ရုရှားနိုင်ငံသား သို့မဟုတ် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အမြဲနေထိုင်သည့် နိုင်ငံခြားသားစသည်ဖြင့် ယူဆရမည်ဖြစ်သည်။

၄၃။ ယာယီတည်းခိုနေထိုင်ရာ နေအိမ်အဆောက်အဦကို လက်ခံသည့်အဖွဲ့အစည်းက သတ်မှတ်ပေးသည့်ကိစ္စတွင် နိုင်ငံခြားသား(နိုင်ငံမဲ့)က ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည့် နေအိမ်ပိုင်ဆိုင်မှု အကာအကွယ် အာမခံချက်အပါအဝင် အိမ်ရာအခွင့်အရေးကို လွတ်လပ်စွာရရှိသည်ဟု မဆိုလို။ သဘာဝအရ နိုင်ငံခြားသားနှင့် နိုင်ငံမဲ့များက နိုင်ငံတွင် နေထိုင်သည့်ကာလအတွင်း အသုံးပြုခွင့်သာရရှိခြင်းဖြစ်သည်။ သို့ဖြစ်၍ လက်ခံသည့်အဖွဲ့အစည်းက နိုင်ငံခြားသား (နိုင်ငံမဲ့)အား နေထိုင်ရာအရပ်အဖြစ် ပေးထားသည့်နေအိမ်အဆောက်အအုံသည် ရုရှားမြို့ပြနှင့် အိမ်ရာဥပဒေနှင့်အညီ ဥပဒေကြောင်းအရ တာဝန်သက်ရောက်စေခြင်းမရှိပေ။

၄၄။ ထို့ပြင် **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ**ပါ ပြဋ္ဌာန်းချက်များတွင် နိုင်ငံခြားသား(နိုင်ငံမဲ့)၏ တည်းခိုနေထိုင်ရာအရပ်မှာ ၎င်းအမှန်တကယ်နေထိုင်ရန် အသုံးပြုသည့် ဥပစာဖြစ်ကြောင်း အတိအကျသတ်မှတ် ပြဋ္ဌာန်းထားခြင်းမရှိပေ။

၄၅။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ**ပါ စာသားများကို ဖွင့်ဆိုရာတွင် နေထိုင်သည့်အရပ်ဒေသတွင် မှတ်ပုံတင်ခြင်းနှင့် ခေတ္တတည်းခိုမည့်အရပ်ဒေသတွင် မှတ်ပုံတင်ခြင်းတို့မှာကွဲပြားခြားနားနေကြောင်းတွေ့ရသည်။ ယင်း ဥပဒေတွင် **အပိုဒ် ၂ ၊အပိုဒ်ခွဲ ၁**၊အစဉ် ဖနှင့် **အပိုဒ် ၄ ၊အပိုဒ်ခွဲ ၄**၊ အစဉ် ၁တို့အရနေထိုင်ခြင်းအတွက် အချက်အလက်ဖော်ပြရန် သတ်မှတ်ထားခြင်းမဟုတ်ဘဲ ခေတ္တတည်းခိုမည့် အရပ်ဒေသကို ဖော်ပြရန် သတ်မှတ်ထားကြောင်းတွေ့ရသည်။ **အပိုဒ် ၂၁၊ အပိုဒ်ခွဲ ၁** အရ ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထား

ခြင်းမရှိလျှင် ရုရှားနိုင်ငံအတွင်း နိုင်ငံခြားသား(နိုင်ငံမဲ့)အတွက် နေထိုင်ရန်ချထားပေးသည့်နေရာ မဟုတ်ဘဲ ၎င်းယာယီအမှန်တည်းခိုသည့်နေရာကို ဆိုလိုသည်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ဖက်ဒရယ်ဥပဒေအမှတ် ၄၂-၃ ၏ **အပိုဒ် ၂၊ အပိုဒ်ခွဲ ၁၊** အစဉ် ၄ အရ နိုင်ငံခြားသား (နိုင်ငံမဲ့)နေထိုင်သည့် အဆောက်အဦမဟုတ်ဘဲ ၎င်းအားတွေ့ရှိနိုင်မည့် အခြားဥပစာ၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းဟုသော်လည်းကောင်း၊ ဖယ်ဒရယ်ဥပဒေအရ မှတ်ပုံတင်ရန် သတ်မှတ်ထားသည့် တည်းခိုရာနေရာဟုသော်လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။

၄၆။ သို့ဖြစ်၍ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၊ အပိုဒ်ခွဲ ၁၊** အစဉ် ၇ ပါ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံမဲ့သူ၏ တည်းခိုရာနေရာ(Place of stay)ဆိုသည်မှာ အိမ်ရာနှင့် အခြားဥပစာများ၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းတို့နှင့် ဆက်နွယ်မှုရှိပြီး လက်ခံသည့် အဖွဲ့အစည်းတည်နေရာနှင့် ယင်းအဖွဲ့အစည်းနှင့် အတူ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံမဲ့သူက အမှန်တကယ်နေထိုင်၊ အလုပ်လုပ်ကိုင်သည့်နေရာ တို့ကိုလည်း ဆိုလိုသည်။ ယင်းနည်းဥပဒေများအရ နိုင်ငံခြားသား(နိုင်ငံမဲ့)၏ တည်းခိုရာနေရာဆိုသည် မှာ ၎င်းအမှန်တကယ်နေထိုင်သည့် နေရာ(လိပ်စာ)နှင့် ထပ်တူမကျသည့်နေရာဖြစ်လျှင်လည်း ခွင့်ပြု နိုင်သည်။ သို့ဖြစ်၍ နိုင်ငံခြားသား (နိုင်ငံမဲ့)၏ တည်းခိုရာနေရာ(အရပ်)တွင် မှတ်ပုံတင်ခြင်းဆိုရာတွင် ၎င်းအလုပ်လုပ်ကိုင်သည့်နေရာ(Place of stay)တွင် မှတ်ပုံတင်ခြင်းကိုလည်း ခွင့်ပြုထားသည်။

၄၇။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေအပိုဒ် ၂၊ အပိုဒ်ခွဲ ၁၊** အစဉ် ၄ တွင် “နိုင်ငံခြားသား(နိုင်ငံမဲ့)အား တွေ့ရှိနိုင်မည့် အခြား ဥပစာ၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဖက်ဒရယ်ဥပဒေအရ မှတ်ပုံတင်ရန် သတ်မှတ်ထားသည့် တည်းခိုရာနေရာ” ဆိုသည့်အချက်ကို ထည့်သွင်းအသုံးပြုရမည်ဖြစ်သည်။ ဥပဒေ ပြုသူများသည် “၎င်းအားတွေ့ရှိနိုင်မည့်” (Finds himself) ဆိုသည့်စကားရပ်ကို ရှင်းလင်းဖော်ပြထား ခြင်းမရှိကြောင်းတွေ့ရသည်။ **အပိုဒ် ၂၊ အပိုဒ်ခွဲ ၁၊** အစဉ် ၇ ကို အသုံးပြု၍ ရှင်းလင်းရမည်ဆိုပါက “နေထိုင်ခြင်း”(Living) နှင့် “အလုပ်”(Work) ဟူသော စကားရပ်များမှာ ရွေးချယ်ခွင့်ရှိသည့် အသုံး အနှုန်းဖြစ်ကြောင်းတွေ့ရသည်။ ယင်းမှာ အလုပ်အကိုင်သာမက အခြားဥပဒေဆိုင်ရာ ဆက်နွယ်မှုများ ကိုဆိုလိုပြီး ယင်းပုဂ္ဂိုလ်အား သာမန်အားဖြင့် “တွေ့ရှိနိုင်မည့်” သီးခြားနေရပ်လိပ်စာဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်များသည် နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များက ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်း ယာယီတည်းခိုနေထိုင်ခြင်းအတွက် မှတ်ပုံတင်ရန်မှာ ၎င်းအမှန်တကယ် နေထိုင်သည့် နေရာ(လိပ်စာ)တွင်သာဖြစ်သည်ဟု အတိအကျသတ်မှတ်ထားခြင်းမဟုတ်ဘဲ အထက်ဖော်ပြပါ နေရာများတွင်လည်း မှတ်ပုံတင်ခွင့်ပြုထားကြောင်းတွေ့ရှိရသည်။

၄၈။ သိရှိမှတ်သားထားရန်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများ၏ တရားဝင် အဆင့်အတန်းဥပဒေ**အပိုဒ် ၅၊ အပိုဒ်ခွဲ ၅၊ အပိုဒ် ၁၃-၂ နှင့် အပိုဒ် ၁၃-၅** တို့အရ နိုင်ငံခြား(နိုင်ငံမဲ့)တစ်ဦး

က ဗီဇာဖြင့် ခေတ္တနေထိုင်ပြီး အလုပ်ရှင် သို့မဟုတ် လုပ်ငန်းရှင်က အဆင့်မြင့်ကျွမ်းကျင်သူအဖြစ် ၎င်းအား ခန့်ထားရန်အတွက်ဖြစ်စေ၊ ၎င်းအား နိုင်ငံခြား စီးပွားရေးအဖွဲ့အစည်းများက ၎င်းတို့၏ ဖက်စပ်အဖွဲ့အစည်းများ၊ ရုံးခွဲများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကိုယ်စားလှယ်အဖြစ်ထားရှိရန် အတွက် ဖြစ်စေ လျှောက်ထားပြီးအလုပ်ပါမစ်ရရှိပါက ရုရှားနိုင်ငံအတွင်းနေထိုင် အလုပ်လုပ်ကိုင် နိုင်ခွင့်ရှိသည်။ အခြားအမျိုးအစား နိုင်ငံခြားသား(နိုင်ငံမဲ့)များသည် ဗီဇာရရှိပြီး စီးပွားရေး မဟုတ်သည့် နိုင်ငံခြား အဖွဲ့အစည်းများ(ဘာသာရေးအဖွဲ့အစည်းများ၊ ရံပုံငွေအဖွဲ့အစည်းများ၊ အေဂျင်စီစသည်များ) တွင် အလုပ်လုပ်ကိုင်ရန် ခေတ္တလာရောက်ခြင်းဖြစ်ပြီး အဆင့်မြင့်ကျွမ်းကျင်သူ မဟုတ်လျှင် ၎င်းအတွက် အလုပ်ပါမစ် ထုတ်ပေးမည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံခြားသား(နိုင်ငံမဲ့)က ရုရှားနိုင်ငံတွင် ခေတ္တနေထိုင်ရန်အတွက် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ကို တည်းခိုရာနေရာတွင် လျှောက်ထားရမည်ဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားသူတို့သည် ရွှေ့ပြောင်းနေထိုင်မှု မှတ်ပုံတင်လျှောက်ထားခဲ့ကြခြင်းဖြစ်သည်။

၄၉။ ထို့ပြင် ရုရှားဥပဒေစနစ်တွင် “တည်းခိုရာနေရာ”(Place of stay) ဆိုသည့်စကားရပ်ကို နေထိုင်ရာမဟုတ်သည့် နေရာတွင် ခေတ္တနေထိုင်ခြင်းနှင့် ဆက်စပ်သည်ဟုယူဆရသည်။ ထိုအယူအဆကို **ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၊ အပိုဒ်ခွဲ ၁၊** အစဉ် ၄ တွင် ထည့်သွင်းအသုံးပြုပါက ယင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ၁၉၉၃ ခုနှစ်၊ ဇွန် လ ၂၅ ရက်နေ့တွင် ဥပဒေအမှတ် ၅၂၄၂-၁ အဖြစ် ပြဋ္ဌာန်းခဲ့သည့် “ရုရှားဖက်ဒရေးရှင်း နိုင်ငံသားများက နိုင်ငံနယ်နိမိတ်အတွင်း လွတ်လပ်စွာခရီးသွားလာခွင့်၊ တည်းခိုရာ သို့မဟုတ် နေထိုင်ရာနေရာဒေသကို လွတ်လပ်စွာရွေးချယ်ခွင့်” ဥပဒေ**အပိုဒ် ၂၊ အပိုဒ်ခွဲ ၇** ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကဲ့သို့ ကျယ်ပြန့်သွားမည်ဖြစ်ပြီး အခြားဥပစာများ၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းများ၏ အိမ်ရာများပါ ပါဝင်လာမည်ဖြစ်သည်။ ယခုအမှုတွင် ဖိတ်ခေါ်သည့် အဖွဲ့အစည်း၏ လိပ်စာမှာ ဖိတ်ခေါ်ခြင်းခံရသည့် နိုင်ငံခြားသား (နိုင်ငံမဲ့)က ဥပဒေအရမှတ်ပုံတင်ရမည့် တည်းခိုရာနေရာဖြစ်သည်။ ယင်းမှာ **ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂၊** အစဉ် ၂ အရ ဆေးဘက် ဆိုင်ရာ အဖွဲ့အစည်း၊ နယ်လှည့်ဆေးဘက်ဆိုင်ရာ အကူအညီပေးသည့်အဖွဲ့၊ လူမှုဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်း၊ အကြမ်းဖက်ခံရသည့်နိုင်ငံခြားသား (နိုင်ငံမဲ့)များအတွက် နေစရာကဲ့သို့သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် အဖွဲ့အစည်းတို့နှင့် သက်ဆိုင်သည်။

၅၀။ သို့ဖြစ်၍ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၁နှင့် အပိုဒ် ခွဲ ၂၊** အစဉ် ၂ ပါ ပြဋ္ဌာန်းချက်များက နိုင်ငံခြားသား(နိုင်ငံမဲ့)တစ်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ခေတ္တနေထိုင်ရန်အတွက် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ကို လက်ခံသည့် အဖွဲ့အစည်းတည်ရှိရာနေရာတွင် ပြုလုပ်ခွင့်

ရှိသည်ဟု နားလည်သဘောပေါက်နိုင်သည်။ အနည်းဆုံးအေဂျင်စီ၊ အဖွဲ့အစည်းတစ်ခုနှင့် ဥပဒေအရ ဆက်စပ်ဆက်နွယ်မှုရှိပြီး ယင်းတို့တွင် ပါဝင်ဆောင်ရွက်ပါက ထိုအေဂျင်စီ၊ အဖွဲ့အစည်း တည်ရှိရာ နေရာတွင် မှတ်ပုံတင်ခွင့်ရှိသည်။ ထို့ပြင် အကယ်၍ ထိုနိုင်ငံခြားသား(နိုင်ငံမဲ့) အမှန်တကယ် နေထိုင်သည့် နေရာရှိပါက ယင်းနေရာတွင် မှတ်ပုံတင်ရန်လည်း တာဝန်ပေးနိုင်သည်။

၅၁။ တရားရုံးကျင့်စဉ်အရ "ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ရမည့် တည်းခိုရာနေရာ" (Place of stay,where the migration registration is carried out)ဟူသောအချက်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဥပဒေစည်းမျဉ်းများသည် တိကျသေချာမှုမရှိကြောင်း တွေ့ရှိရသည်။ ဥပဒေပြုသူများသည် တည်းခိုရာနေရာဆိုသည့်စကားရပ်ကို သာမန်လူတစ်ဦးနားလည် သဘောပေါက်အောင်ပြုရန် တာဝန်ရှိသည်။ သို့တည်းမဟုတ်ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းသည် အခြားရည်ရွယ်ချက်ရှိသည်ဆိုပါက သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များတွင် ဖော်ပြသည့်စကားလုံး အသုံးအနှုန်းကို ပိုမိုရှင်းလင်းတိကျစွာဖော်ပြရန် တာဝန်ရှိသည်။

၅၂။ တည်ဆဲ မသေချာသည့် ယူဆချက်များဖြင့် နိုင်ငံခြားသား(နိုင်ငံမဲ့)တစ်ဦးက ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်တွင် ဖော်ပြထားသည့် တည်းခိုရာနေရာတွင် မနေဘဲ အခြားနေရပ်လိပ်စာတစ်ခုတွင်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိမှုအပေါ် အရေးယူဆောင်ရွက်ခြင်းအပြင် ကွဲပြားခြားနားသည့် အကျိုးဆက်များလည်းရှိနိုင်သည်။ အကယ်၍ လက်ခံသည့် အဖွဲ့အစည်းတည်ရှိရာ နေရာသည် နိုင်ငံခြားသား(နိုင်ငံမဲ့)၏ တည်းခိုရာနေရာအဖြစ် မှတ်ယူပါက ၎င်းသည် ရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာ မှတ်ပုံတင်တွင် ဖော်ပြထားသည့်နေရာပြင်ပတွင် အမှန်တကယ်နေထိုင်ပြီး မှတ်ပုံတင်ပါ အချက်အလက်များကို ပြောင်းလဲမှုမရှိခြင်းသည် **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၉၊ အပိုဒ် ခွဲ ၂** ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမဟုတ်ဘဲ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ပါ အချက်အလက် များကို ပြောင်းလဲခွင့်ပြုရန် မှတ်ပုံတင်အဖွဲ့အစည်းသို့ တင်ပြရမည်ဖြစ်သည်။ အခြားနည်းလမ်းမှာ နိုင်ငံခြားသား(နိုင်ငံမဲ့)အား ၎င်းနေထိုင်သည့်နေရာကို တည်းခိုရာနေရာအဖြစ် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ၎င်းအမှန်တကယ်နေထိုင်သည့်နေရာသည် မှတ်ပုံတင်သည့်နေရာနှင့် ကွဲလွဲနေပါက ယင်းနိုင်ငံခြားသား၏ ပြုလုပ်မှုမှာ တရားမဝင်ဟုသုံးသပ်ပြီး တာဝန်ရှိမှုအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။

၅၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အထွေထွေဥပဒေစံသတ်မှတ်ချက်သည် တိကျသေချာရှင်းလင်းပြီး ရှုပ်ထွေးမှုမရှိရကြောင်း အကြိမ်ကြိမ်ထောက်ပြခဲ့ပြီးဖြစ်သည်။ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို တစ်ပြေးညီနားလည်စေရန်လိုအပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၁၊ အပိုဒ်ခွဲ ၁၊ အပိုဒ် ၄၊ အပိုဒ်ခွဲ ၂၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ ၁ နှင့် ၂ နှင့် အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ နှင့် ၂** တို့ပါ ဥပဒေနှင့်အညီ အုပ်ချုပ်သည့် နိုင်ငံဆိုသည့်အချက်၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေ

အရာတွင် တန်းတူညီမျှရှိစေရေးမူများကို လိုက်နာရန်လိုအပ်သည်။ ဥပဒေစည်းမျဉ်းတစ်ခုတွင် အဓိပ္ပာယ်များစွာရသော၊ မရှင်းလင်းသော၊ အငြင်းထွက်သောစကားလုံးများပါရှိပါက ယင်းစကားရပ်ကို တိကျစွာနားလည်မှုမရှိနိုင်ဘဲ ဥပဒေကို ကိုင်တွယ်အသုံးပြုသူများကို အကန့်အသတ်မဲ့လုပ်ပိုင်ခွင့်ပြုရာရောက်နိုင်ပြီး အာဏာရှင်ဆန်ဆန်ဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၏ အကာအကွယ် မရရှိစေမှုတို့ကို ဦးတည်နိုင်သည်။

၅၄။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မှတ်ပုံတင်ခြင်းဥပဒေတွင် မတိကျသည့် “တည်းခိုရာနေရာ” (Place of stay) ဆိုသည့် စကားရပ်ကို အသုံးပြုပြီး နိုင်ငံခြားသား(နိုင်ငံမဲ့)နှင့် လက်ခံသည့် အဖွဲ့အစည်းအပေါ် ဥပဒေက သတ်မှတ်ထားသည့် တည်းခိုရာနေရာတွင် မှတ်ပုံတင်ရန် တာဝန်ပေးထားခြင်းသည် နိုင်ငံခြားသား (နိုင်ငံမဲ့)အနေဖြင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်တွင် ဖော်ပြထားသည့်နေရာမဟုတ်ဘဲ အခြားအိမ်ရာတွင် နေထိုင်ပါက ဥပဒေမဲ့ဖြစ်စေကြောင်းနှင့် ဥပဒေအရ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်နိုင်စွမ်း မရှိဖြစ်စေသည်။

၅၅။ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်း၏ အနှစ်သာရမှာ နိုင်ငံခြားသား(နိုင်ငံမဲ့)က မှတ်ပုံတင်ရန် တာဝန်ကိုဖြည့်ဆည်းကြောင်းနှင့် လက်ခံသည့်အဖွဲ့အစည်းက လိုအပ်သည်များကို ဆောင်ရွက်ကြောင်း အကြောင်းကြားခြင်းဖြစ်သည်။ ယင်းမှာ အာဏာပိုင်အဖွဲ့အစည်းသို့ သက်ဆိုင်ရာစာရွက်စာတမ်းများပေးပို့ရန်နှင့် အာဏာပိုင်အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ ဆက်နွယ်မှုရရှိစေရန်သာဖြစ်သည်။ သို့ဖြစ်၍ သဘောရိုးဖြင့်ဆိုသော် နိုင်ငံခြားသား(နိုင်ငံမဲ့)နှင့် လက်ခံသည့် အဖွဲ့အစည်းတို့က ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများကို စောင့်ထိန်းပြီး တာဝန်များကို လိုက်နာရန် သို့မဟုတ် မရှင်းလင်းသည့်ဥပဒေ အသုံးအနှုန်းများကြောင့် ဖောက်ဖျက်ကျူးလွန်မှုမရှိစေရန် လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၂၊ ၁၈ နှင့် ၅၅** ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များချမှတ်ရာတွင် လွတ်လပ်စွာ ခရီးသွားလာခွင့်အပါအဝင် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ခြယ်သည့်အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုခွင့်မပြုရပေ။ ထို့ပြင် ဥပဒေကို ကိုင်တွယ်အသုံးပြုသူက လိုသလိုရွေးချယ် အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျိုးလည်း မဖြစ်ရပေ။

၅၆။ နိုင်ငံရှိ တရားဝင်ဥပဒေများ၏ ဥပဒေစံသတ်မှတ်ချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်ကိစ္စများတွင် ယင်းပြဋ္ဌာန်းချက်သည် အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် မူများစွာထွက်နေလျှင် သို့မဟုတ် ပြတ်သားမှုမရှိလျှင် တရားစီရင်ရေးအပါအဝင် အဖွဲ့အစည်းများက မည်သည့်မူဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုသည့် ပြဿနာပေါ်ပေါက်လာသည်။ ယင်းအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူများ ဖြစ်သည့်သာတူညီမျှမှုနှင့် တရားမျှတမှုကို ရေးရှုလျက်ဥပဒေစည်းမျဉ်းများ၏ အခြေခံအချက်များကို မပျက်ပြားစေဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၁၊ အပိုဒ်ခွဲ ၁၊ အပိုဒ် ၁၈၊**

**အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ နှင့် ၂၊ အပိုဒ် ၄၆၊ အပိုဒ်ခွဲ ၁ နှင့် ၂၊ အပိုဒ် ၅၅၊ အပိုဒ် ၅၅၊ အပိုဒ်ခွဲ ၃** တို့ကို လိုက်နာပြီး အဓိပ္ပာယ်ဖွင့်ဆိုရန်လိုအပ်သည်။

၅၇။ ဥပဒေစံတစ်ခုတည်းအပေါ် အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် ယင်းအချက်အလက်များ အနက်အဓိပ္ပာယ်ကွဲလွဲမှုများအား အခြားဥပဒေစံများနှင့် နှိုင်းယှဉ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှုဒေါင့်မှ လက်ခံနိုင်လောက်သည့် ဖွင့်ဆိုချက်ကိုယူရန်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေစံနှင့် မူများကို ကိုးကားသည့်တိုင် ယင်းဥပဒေစံ၏ အမှန်ဆိုလိုချက်ကို အမြဲတမ်းသိရှိနိုင်မည်မဟုတ်ပေ။ ဤအခြေအနေမျိုးတွင် ဥပဒေစည်းမျဉ်း၏ အဓိပ္ပာယ်အစစ်အမှန်ကို သိရှိအောင်ပြုနိုင်မည့် အမှန်ကန်ဆုံးနှင့် အဖြစ်နိုင်ဆုံး နည်းလမ်းမှာ ဥပဒေပြုသူ၏ ရည်ရွယ်ချက်ကိုသိအောင်ပြုသည့် နည်းလမ်းဖြစ်သည်။ ဥပဒေပြုရာတွင် အသေးစိတ် ရှင်းလင်းဖော်ပြခြင်းလည်းမရှိ၊ ယင်းမပြတ်သားမှု (အဓိပ္ပာယ်များစွာရရှိမှု)ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း ဖယ်ရှားနိုင်မှုမရှိပါက ယင်းပြဋ္ဌာန်းချက်ကို အသုံးပြုရာတွင် ကြီးမားသောအခက်အခဲများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် ဥပဒေစံသတ်မှတ်ချက်သည်လည်း တိကျသေချာမှုရှိမည်မဟုတ်သည့်ပြင် ဥပဒေကို ကိုင်တွယ်အသုံးပြုသူများက လိုရာဆွဲ၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ လည်းဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။ ယင်းသို့ အဓိပ္ပာယ်တိကျပြတ်သားခြင်းမရှိသည့် စကားရပ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိသည့် စံသတ်မှတ်ချက်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

၅၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် ၂၉-၂၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် ၂၉-၂၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၁၂-၂ နှင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် ၁၇-၂ တို့တွင် နိုင်ငံခြားသား(နိုင်ငံမဲ့)များက တည်းခိုရာနေရာတွင် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းနှင့် ဆက်စပ်၍ပေါ်ပေါက်သည့် ပြဿနာများကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေစည်းမျဉ်းများအား ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန်အတွက် အထွေထွေနည်းဥပဒေအရ ယင်းစည်းမျဉ်းများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နယ်နိမိတ်အတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များသည် လိုအပ်သည့် စည်းမျဉ်းများနှင့်အညီ တည်းခိုနေထိုင်ရာတွင် ယင်းပုဂ္ဂိုလ်များ၏ အခွင့်အရေးများနှင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ အကျိုးစီးပွားများကို ထိခိုက်ခြင်းမရှိအောင် မှတ်ပုံတင်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက လက်ရှိဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေပြုအဖွဲ့က ဤဆုံးဖြတ်ချက်ကို လိုက်နာပြီး လိုအပ်သည့်အစားထိုးပြင်ဆင်ချက်များပြုပြီးသည့် အချိန်အထိသာလျှင် ယာယီအားဖြင့် အာဏာတည်စေသင့်ကြောင်း ထင်မြင်ယူဆသည်။

**ချမှတ်သည့်အမိန့်**

၅၉။ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၁ နှင့် အပိုဒ်ခွဲ ၂၊** အစဉ် ၂ တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ နှင့် ၂၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ ၁၊ အပိုဒ် ၅၅၊ အပိုဒ်ခွဲ ၃ နှင့် အပိုဒ် ၆၂၊ အပိုဒ်ခွဲ ၃** တို့နှင့် ကိုက်ညီခြင်းမရှိဟု မှတ်ယူသည်။ ယင်းဥပဒေပါအပိုဒ်တွင် လက်ခံသည့် အဖွဲ့အစည်း၏ တည်နေရာ (လိပ်စာ)တွင် မှတ်ပုံတင်ခြင်းကို လက်ခံနိုင်ဖွယ်ရှိ/မရှိ တိကျရှင်းလင်းမှုမရှိပေ။ ထို့ပြင် ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်း ယာယီနေထိုင်သည့် နိုင်ငံခြားသား(နိုင်ငံမဲ့သူ)နှင့် လက်ခံသည့်အဖွဲ့အစည်းတို့က ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်အမိန့်အရ တည်းခိုရာ နေရာအဖြစ် မည်သည့်နေရာ (လိပ်စာ)တွင် မှတ်ပုံတင်ရမည်ဆိုခြင်းကို အတိအကျမသိရှိရပေ။

၆၀။ ဖက်ဒရယ် ဥပဒေပြုသူ(ဥပဒေပြုအဖွဲ့)သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဤစီရင်ချက်တွင် ဖွင့်ဆိုရှင်းလင်းချက်များကို မှတ်သားပြီး **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၁ နှင့် အပိုဒ်ခွဲ ၂၊** အစဉ် ၂ ပါ တိကျရှင်းလင်းခြင်း မရှိ သည့် ဥပဒေစကားရပ်များကို ဖယ်ရှားနိုင်ရန် အမြန်ဆောင်ရွက်ရမည်ဖြစ်သည်။

၆၁။ ယခု စီရင်ချက်ချမှတ်သည့်အချိန်မှစ၍ အထက်ပါဥပဒေကို လိုအပ်သည့် ပြင်ဆင်မှုများပြုပြီး သည့်အချိန်အထိ နိုင်ငံခြားသား(နိုင်ငံမဲ့သူ)က မှတ်ပုံတင်ရမည်နေရာကို ဖြေရှင်းသည့်အနေဖြင့် နေထိုင်ခွင့်မဆုံးရှုံးစေရန်အတွက် ယင်းဥပဒေ **အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၁ နှင့် အပိုဒ်ခွဲ ၂၊** အစဉ် ၂ ပါ ပြဋ္ဌာန်း ချက်အရ နိုင်ငံခြားသား(နိုင်ငံမဲ့သူ)အား ဖိတ်ခေါ်သည့် အဖွဲ့အစည်း(လက်ခံသည့်အဖွဲ့အစည်း)၏ တည်နေရာ (လိပ်စာ)တွင် မှတ်ပုံတင်ရန်မဟုတ်ဘဲ ယင်းအဖွဲ့အစည်းက ၎င်းအားနေထိုင်ရန်ခွင့်ပြု နေအိမ်အဆောက်အဦ၏ တည်နေရာ(လိပ်စာ)နှင့် ၎င်းယာယီနေထိုင်ရာ လိပ်စာတို့တွင် မှတ်ပုံတင် ရမည်ဖြစ်သည်။

၆၂။ အခြားနိုင်ငံခြားသားများနှင့် နိုင်ငံမဲ့သူများသည်လည်း ယင်းဥပဒေနှင့်ရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာ မှတ်ပုံတင်ခြင်းနည်းဥပဒေများအရ သတ်မှတ်ညွှန်ကြားထားခြင်းမရှိပါက ၎င်းတို့အမှန် တကယ်နေထိုင်သည့် နေအိမ်ရှိရာအရပ်၌ မှတ်ပုံတင်ရမည်ဖြစ်သည်။

၆၃။ ဤစီရင်ချက်တွင် **ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မှတ်ပုံတင်ခြင်းဥပဒေ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၁ နှင့် အပိုဒ်ခွဲ ၂၊** အစဉ် ၂ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီခြင်းမရှိကြောင်း မှတ်ယူသည့်အတွက် အမေရိကန်နိုင်ငံသားများ ဖြစ်ကြသော Nathanael Joseph Worden နှင့် Patrick Drake Oldham တို့၏အမှုများတွင် ချမှတ်

ထားသည့် ဆုံးဖြတ်ချက်များကို တာဝန်ရှိသူများက ဤအမှုဆုံးဖြတ်ချက်အရ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စဉ်းစားသုံးသပ်ရန်ဖြစ် သည်။

၆၄။ ဤစီရင်ချက်သည် အပြီးအပြတ်ဖြစ်ပြီးနောက်ထပ် အယူခံခွင့်မရှိ။ စီရင်ချက်ချမှတ်သည့်အချိန်မှစ၍ ချက်ခြင်းအာဏာသက်ရောက်မှုရှိစေရမည်ဖြစ်ပြီး တိုက်ရိုက်လိုက်နာဆောင်ရွက်မှုရမည့်အပြင်အခြား မည်သည့်အာဏာပိုင်နှင့် အရာရှိများထံမှ အတည်ပြုချက်ရယူရန်မလိုပေ။

၆၅။ ဤစီရင်ချက်ကို နိုင်ငံတော်ပြန်တမ်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တရားဝင်ဥပဒေများဖော်ပြရာ အင်တာနက်ပေါ်တယ်တို့တွင် ချက်ချင်းဖော်ပြရမည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးပြန်တမ်းတွင်လည်း ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

## သုံးသပ်တွေ့ရှိချက်

၆၆။ ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအရ ဖွဲ့စည်းပုံအခြေခံဆိုင်ရာတရားရုံးကို တရားသူကြီး ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၃ ဦးသာခန့်အပ်ခဲ့သည်။ ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအရ တရားသူကြီး ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ဥပဒေပြင်ဆင်ချက်အရ ၁၁ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၆၇။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် အမှုတည်ဆောက်သူတရားသူကြီး(Judge Rapporteur) အဖြစ် တရားသူကြီးတစ်ဦးကို တာဝန်ပေးအပ်ဆောင်ရွက်စေပါသည်။ ယခုအမှုတွင် K.V.Aranovsky ကို တာဝန်ပေးအပ်ကာ ၎င်းတရားသူကြီးက အမှုကို စီရင်ဆုံးဖြတ်ရာတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။

၆၈။ အမှုတွင် လျှောက်ထားသူများနှင့် အမှုနှင့်သက်ဆိုင်သူများဖြစ်ကြသည့် ဒူးမားလွှတ်တော်နှင့်ဖက်ဒရေးရှင်းကောင်စီမှ ကိုယ်စားလှယ်များအပြင် နိုင်ငံတော်သမ္မတ၏ ကိုယ်စားလှယ်လည်းပါဝင်တက်ရောက်ပါသည်။ ထို့ပြင် ရုံးတော်မှ တရားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားခဲ့ပြီး ၎င်းတို့၏ တင်ပြချက်၊ လျှောက်လဲချက်များကိုလည်း ကြားနာခဲ့ကြောင်းတွေ့ရပါသည်။

၆၉။ စီရင်ချက်တွင် သက်ဆိုင်ရာဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေနှင့် ဆက်စပ်သည့် အခြားဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ယခင်ဆုံးဖြတ်ခဲ့သည့် စီရင်ချက်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းနှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကိုလည်း ထည့်သွင်းသုံးသပ်ထားကြောင်းတွေ့ရပါသည်။

၇၀။ အမိန့်ချမှတ်ရာတွင် ဥပဒေပြုအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ရန်ကိစ္စများ၊ လျှောက်ထားသူများအပါအဝင် နိုင်ငံခြားသားများက လိုက်နာဆောင်ရွက်ရန်ကိစ္စများကို တစ်ရပ်ချင်းအလိုက် တိကျစွာဖော်ပြထားပြီး စီရင်ချက်မှာ

အပြီးအပြတ်ဖြစ်ပြီး အယူခံခွင့်မရှိကြောင်းနှင့် စီရင်ချက်ကို အခြားမည်သည့် အာဏာပိုင်ထံမှ အတည်ပြုချက်ရယူရန် မလိုအပ်ကြောင်းတို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

၇၁။ စီရင်ချက်ကို လိုက်နာဆောင်ရွက်မှုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီခြင်းမရှိကြောင်း ဆုံးဖြတ်ထားသည့် Federal Law on Migration Registration of Foreign Nationals and Stateless persons in the Russia Federation ပါ အပိုဒ်များကို လွှတ်တော်မှ ၂၇-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရပါသည်။

၇၂။ သို့ဖြစ်၍ ဤအမှုတွင် ချမှတ်သည့်စီရင်ချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် အဖွဲ့အစည်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

**နိဂုံး**

၇၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ် ၂၂-၂/ ၂၀၁၇ တွင် လျှောက်ထားသူများမှာ ရုရှားနိုင်ငံသားများမဟုတ်ဘဲ အမေရိကန်နိုင်ငံသားနှစ်ဦးဖြစ်ကြသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ **အပိုဒ် ၆၂၊ အပိုဒ်ခွဲ ၃** အရ နိုင်ငံခြားသားများ နှင့် နိုင်ငံမဲ့သူများသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ဖက်ဒရယ်ဥပဒေအရ သီးသန့် ပြဋ္ဌာန်းထားသည့်ကိစ္စများမှတစ်ပါး ရုရှားနိုင်ငံသားများကဲ့သို့ တန်းတူအခွင့်အရေးများ ခံစားခွင့်ရှိသကဲ့သို့ တာဝန်ဝတ္တရားများကိုလည်း ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ၎င်းတို့က ဤအမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားခဲ့ကြခြင်း ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကလည်း အမှုကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆုံးဖြတ်ပေးခဲ့သည်ကိုတွေ့ရှိရပါကြောင်း တင်ပြအပ်ပါသည်။